**မီးတိုင်ငယ်**

ငါဟာ-

ရန်ထောင်မာန်တက်နေတဲ့-

အမှောင်ထုထဲမှာ

အဖော်မပါ တစ်ကိုယ်တည်း

မားမားရပ်နေလျှက်။

ငါ့ကို-

အမှောင်ထုက

ဒေါနဲ့ မောနဲ့ အာဃာတ တစ်ကြီးနဲ့

ခုတ်မယ် ထစ်မယ် ပါးပါလှီးမယ်-

အမှုန့်ချေ မြိုချပစ်မယ် တကဲကဲ။

ငါ့ကို မြိုတော့မလို့ ပြေးလာတိုင်း

ငါ့ဆီကို မရောက်

ငါ့ရဲ့ ပရဝုဏ်အစပ်မှာပဲ

တဖတ်ဖတ် ကြွေကျသွားရှာရဲ့။

ငါ့မှာ-

နင်တို့ကို- စော်ကားဘို့။

ထိခိုက်စေဘို့၊ မေတ္တာမဲ့ဘို့

ရန်ဖြစ်ဘို့ အချိန်မရှိ။

လမ်းပျောက်နေသူ အတွက်

လမ်းတစ်စ တွေ့စေလိုတဲ့

စေတနာပဲ ရှိတယ်။

အမှောင်ထုရယ်-

တကယ်တော့ မင်းဟာ

ငါ့ရဲ့အဖော်ပါ။ ငါ့ရဲ့ အိမ်နီးချင်းပါ။

စည်းတားလို့ မရတဲ့ နယ်နိမိတ်နဲ့

ဆက်စပ်နေသူတွေပါ။

ငါ့ကို အနိုင်လိုချင်ရင်

မင်းကိုမင်း

ငါ့ထက်လင်းအောင် လုပ်လိုက်ပါ။

အဲ့ဒီအခါ-

ငါ့ဆိုတဲ့- အကောင်

မှေးမှိန်သွားပါလိမ့်မယ်။

ငွေးလွင်ဦး

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com